စိတ်တံခါး

# ဆေးမညီသော ပန်းချီကား

တင့်ခိုင်

# အမှာ

## (၁)

ကျွန်တော်သည် ငယ်စဉ်ကတည်းက လွတ်လပ်မှုကို ခုံမင်သည်။ နှစ်ခြိုက်သည်။ တန်ဖိုးထားသည်။ ဦးနှောက်တံခါးကို သော့ခတ်၊ မင်းတုပ်ချခံထားရသော ဘဝမျိုး၊ သူတကာ အမိန့်ပေးစေခိုင်းသမျှကို လက်ခံလိုက်နာ လုပ်ဆောင်နေရသော ဘဝမျိုးကို ကျွန်တော်မကြိုက်၊ အခွင့်ရသလောက် ကျွန်တော့်ဘဝကို ကျွန်တော်ကိုယ်တိုင် ထုဆစ်ပုံသွင်းချင်သည်။

## (၂)

စာရေးဆရာဘဝသည် အလွတ်လပ်ဆုံးဘဝဟု ကျွန်တော်ခံယူထားသည်။ ရသစာပေ ဖန်တီးသော စာရေးဆရာဘဝသည်ပင် ကျွန်တော်၏ အဆုံးစွန်သော ရည်မှန်းချက်ဖြစ်သည်။ သို့ရာတွင် စာရေးဆရာဟူသည် ဖြစ်ချင်တိုင်း ဖြစ်၍ရသည့်အရာမျိုး မဟုတ်ပါ။ ပြည်သူက ပေးမှရသော ဘွဲ့ထူး၊ ဂုဏ်ထူး ဖြစ်သည်။ မဖြစ်မနေ ကြိုးပမ်းအားထုတ်ရမည်ဟု နားလည်ထားသဖြင့် မရမနေ ပြင်းပြင်းထန်ထန် ကြိုးစားခဲ့ပါသည်။

## (၃)

၁၉၇၄ ခုနှစ်တွင် ဆရာဆန်းလွင်၏ ဒါရိုက်တာသင်တန်းကို တက်

ရောက်ခွင့်ရခဲ့သည်။ ဆရာက ကျွန်တော်တို့အား ပထမဦးဆုံး ဝတ္ထုရေးနည်းနှင့် ဝတ္ထုဆိုင်ရာ သဘောတရားများကို သူလေ့လာထားသမျှ အိတ်သွန်ဖာမှောက် သင်ကြားပေးသည်။ ထို့ကြောင့်လည်း ဆရာဆန်းလွင်သည် ကျွန်တော် ဝတ္ထုကို သုံးသပ်ချက်ရေးသားနိုင်ရန် သင်ကြားပေးခဲ့သော လက်ဦးဆရာဖြစ်သည်။

ဒုတိယဆရာမှာ တက္ကသိုလ် နန္ဒမိတ်ဖြစ်သည်။ ဆရာနန္ဒမိတ်နှင့် ကျွန်တော်သည် ဆရာတပည့်၊ သားအဖ၊ မိတ်ဆွေသူငယ်ချင်း၊ ရဲဘော်ရဲဘက်လို နေထိုင်ကြသည်။ သို့ဖြစ်၍လည်း ကျွန်တော်နှင့် သောက်ဝိုင်းဖွဲ့ခဲ့သည့် အချိန်များတွင် ကျွန်တော့်ရည်ရွယ်ချက်ကို ဖွင့်ပြောပြခဲ့သည်။

ဆရာက.....

“မင်းမှာ ဝေဖန်ရေးအမြင် ရှိတယ်။ ဝတ္ထုရေးဖို့ထက် ဝတ္ထုသဘောတရားကို ကြေညက်အောင် ကြိုးစားပြီးလေ့လာ”ဟု ပြောသည်။ ကျွန်တော်မေးသမျှ ဝတ္ထုသဘောတရားကိုလည်း ဆရာကမညည်းမညူ ရှင်းပြပေးသည်။ မှန်သောစကားကို ဆိုပါမည်။ ကျွန်တော်သည် နန္ဒမိတ်နှင့် ဆန်းလွင်၏ ရင်ငွေ့နှင့်စာပေလောကတွင် အသက်ဆက်ကြီးပြင်းလာရသူ တစ်ဦးသာဖြစ်သည်။ ထို့ကြောင့်လည်း ထိုဆရာနှစ်ဦးသည် ကျွန်တော် ဤသို့ရေးသားနိုင်ရန် သင်ကြားပေးခဲ့သော ဆရာရင်းနှစ်ဦး ဖြစ်ပါသည်။

နောက်ဆရာတစ်ဦး ရှိပါသေးသည်။ ထိုဆရာသည် ကျွန်တော့်အား ဝတ္ထုသဘောတရားများကို စာသင်ခန်း၌လည်း သင်ကြားမပေးခဲ့ပါ။ သောက်ဝိုင်းစားဝိုင်းများ၌လည်း သင်ကြားမပေးပါ။ သို့ရာတွင် ယခုကဲ့သို့ ကျွန်တော်ရေးသားနိုင်ရေးတွင် အလွန်ပဓာနကျသော ဆရာ

တစ်ဦးဖြစ်ပါသည်။ ထိုဆရာမှာ ဆရာအောင်သင်းဖြစ်ပါသည်။

၁၉၈၄ ခုနှစ်လောက်တွင် ဆရာအောင်သင်းသည် တစ်လအတွင်း ထွက်ရှိသမျှ မဂ္ဂဇင်းများထဲမှ အကြိုက်ဆုံးဝတ္ထုတိုတစ်ပုဒ်ကို ရွေးချယ်ပြီး "ကျွန်တော်အကြိုက်ဆုံး ဝတ္ထုတို" ဟူသော ခေါင်းစဉ်ဖြင့် သဘင်မဂ္ဂဇင်း၌ ရေးသားခဲ့သည်။ ကျွန်တော်သည် ထိုကဏ္ဍ စတင်ပါကတည်းက လစဉ်စောင့်ဖတ်ခဲ့သည်။ အောင်သင်းကို မည်မျှ ခရေဇီဖြစ်ပါသနည်းဟူမူ သဘင်မဂ္ဂဇင်းထွက်သည့်ရက်တွင် ကျွန်တော် ဂနာမငြိမ်ပါ။ ဒီလ ဆရာ ဘယ်ဝတ္ထုကို ရွေးလိုက်သလဲဟု သိချင်နေသည်။ အကယ်၍သာ ကိုယ်မှန်းထားသော ဝတ္ထုတိုနှင့်တူနေပါလျှင် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ငါလည်း တစ်နေ့ ဆရာအောင်သင်းလို ဝတ္ထုတိုသုံးသပ်ချက်ရေးမည်ဟု ဆုံးဖြတ်မိသည်။

သို့နှင့်ပင် ယဉ်ယဉ်နု(မန္တလေး)၏ "ခြေထောက်များ"ကို ပထမဦးဆုံးစတင်သုံးသပ်ချက်ရေးသည်။ ၂၀၀၅ ခု၊ ဒီဇင်ဘာလထုတ် ရွှေအမြုတေမဂ္ဂဇင်းတွင် ဖော်ပြခြင်းခံရသည်။ ဒုတိယ နုနုရည်(အင်းဝ)၏ "ကျားလေး ကျွန်တော်" ၂၀၀၆ ခုနှစ် မတ်လထုတ် ရွှေအမြုတေတွင်ပင် ထပ်မံဖော် ပြခြင်းခံရသည်။ ထို့ကြောင့်လည်း ဤကဲ့သို့ ဝတ္ထုတိုသုံးသပ်ချက်များ ရေးသားနိုင်စေရန် ကျွန်တော့်အား ဖန်တီးလှုံ့ဆော်ခဲ့သော မဂ္ဂဇင်းအယ်ဒီတာများမှ ဆရာဝင်းငြိမ်းနှင့် ဆရာမျိုးမြင့်ညိမ်းတို့ဖြစ်ပါသည်။ နောက်ပိုင်းတွင် ဆရာမျိုးမြင့်ညိမ်းက အလင်းတန်းဂျာနယ်တွင် ရေးရန်ပြောလာသဖြင့် ကျွန်တော် အလင်းတန်းတွင် ဆက်လက်ရေးသားခဲ့သည်။ သည်နောက်တွင်မူ ချယ်ရီ၊ ပန်းအလင်္ကာ၊ စတိုင်သစ်နှင့် အခြားမဂ္ဂဇင်း၊ ဂျာနယ်များတွင် ယခုတိုင် ဆက်လက်ရေးသားနေဆဲ ဖြစ်ပါသည်။

လုပ်ငန်းတာဝန်တစ်ခုအရ ကျွန်တော်သည် တစ်လအတွင်းထွက်ရှိသော ရသဦးစားပေး မဂ္ဂဇင်းများကို အကုန်အစင်ဖတ်ရပါသည်။ ထိုသို့ဖတ်ရာတွင် ကျွန်တော့်ရင်ကို လှုပ်ခတ်စေနိုင်သော ဝတ္ထုတိုများကို ရွေးချယ်သည်။

ကျွန်တော်သည် ထိုဝတ္ထုတိုများကို အကြိမ်ကြိမ်အခါခါ ဖတ်သည်။ ပြန်လည်ပြောပြချင်လောက်သော အားကောင်းမောင်းသန် ခံစားချက်မျိုး ရလာသည့် ဝတ္ထုတိုကိုမှ ဝတ္ထုတိုသုံးသပ်ချက် ရေးသည်။ ထိုသို့ရေးသားရာတွင် ကျွန်တော်၏ "စံ"မှာ ဆရာအောင်သင်း ဖြစ်သည်။

ဆရာ၏ ဝတ္ထုတို သုံးသပ်ချက်သည် မြန်မာ့စာပေသမိုင်းတွင် မှတ်တိုင်တစ်ခုဟု ကျွန်တော် ယူဆယုံကြည်သည်။ ထိုအခါ ကျွန်တော်သည် ဆရာ့အရေး၊ ဆရာအတွေး တချို့ဆိုပါလျှင် ဆရာ့စကားလုံးများကိုပင် ယူငင်သုံးစွဲ ကိုးကားရေးသားခဲ့ပါ၏။

ဆိုရသော် ဤကဲ့သို့ ကျွန်တော် ဝတ္ထုတိုသုံးသပ်ချက် ရေးသားနိုင်ရန် ကျေးဇူးပြုသူများရှိခဲ့ပါ၏။ ထိုပုဂ္ဂိုလ်များမှာ ဆရာအောင်သင်း၊ ဆရာဆန်းလွင်၊ ဆရာတက္ကသိုလ် နန္ဒမိတ်၊ ဆရာဝင်းငြိမ်းနှင့်ဆရာ မျိုးမြင့်ညိမ်းတို့ ဖြစ်ပါသည်။

နောက်ဆုံး ကျေးဇူးစကား ဆိုချင်ပါသေးသည်။ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စိတ်ရောကိုယ်ပါ မနားမနေ အပင်ပန်းခံကူညီခဲ့သော ဆရာဇော်ခိုင်ဦး၊ စာမျက်နှာများတွင် ဖော်ပြပေးခဲ့သော ရွှေအမြုတေ၊ ချယ်ရီ၊ ပန်းအလင်္ကာနှင့် အလင်းတန်းစသော မဂ္ဂဇင်း၊ ဂျာနယ်များမှ အယ်ဒီတာများ၊ စာမူများကို ကွန်ပျူတာစာစီပေးခဲ့သော သမီးလေးမိုးသူဇာ တို့အား ကျေးဇူးတင်မိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

တင့်ခိုင်

၁၅.၉.၂၀၁၀

*

## ကျားလေး ကျွန်တော်
## နုနုရည်၊ အင်းဝ

ညနေစောင်းခါမှ မပြောမဆိုနဲ့ မိုးကဝေါခနဲအော်ပြီး ရွာချလာတယ်။ ထုံးစံအတိုင်းပဲ လန့်တတ်တဲ့ ဂျစ်တူးလေးရဲ့ ဗြဲခနဲ အော်ငိုသံကလည်း ထွက်လာတယ်။ ရိုးနေပြီဖြစ်တဲ့ ကျွန်တော့်နားထဲမှာတော့ မိဂျစ်တူးရဲ့ ဂျီတိုက်သံနဲ့ မီးဖိုချောင် ပန်းကန်စင်ပေါ်ကို သက်ငယ်ဆွေးကြားထဲက မိုးပေါက်တွေကျနေတဲ့ အသံဟာ ဆိုင်းသံနဲ့ သီချင်းသံလိုပဲ။

"မုန့်ပေး မုန့်ပေး"

တော်တော်အော်နိုင်တဲ့ ဟာမလေး၊ နားကိုအူသွားတာပဲ။ ကြီးလာရင် အမေ့လိုပဲ အဆိုတော်ဖြစ်လိမ့်မယ်နဲ့တူရဲ့။

"မအော်ရဘူးလေ မိဂျစ်တူးရဲ့။ အဖေပြန်လာတော့ ကိုကြီးက ဝယ်ကျွေးမှာပေါ့နော်။"

"ဟင့်အင်း ...မုန့်ပေး"

မိဂျစ်တူးလေးကတော့ မုန့်မရမချင်း အာခေါင်ခြစ်ပြီး အော်နေတော့မှာပဲ။ ကျွန်တော် ဘာတတ်နိုင်မှာလဲ။ သူ့မျက်ရည်တွေ၊ နှာရည်တွေကို သုတ်ပေးရင်း သူရုန်းကန်ထုရိုက်သမျှကို ခံရုံကလွဲလို့ ကျွန်တော် ဘာတတ်နိုင်မှာလဲ။

"ဟဲ့ ..ဘယ်သူလဲ ..ဒါလောက် အော်ငိုနေတာ.. ဟော့.. ဂျစ်တူးတို့၊

မျောက်တူးတို့ မောင်နှမတွေ ဘာဖြစ်နေကြတာလဲ ဟေ”

ဟော လူမမြင်ရသေးဘူး အသံက အရင်ရောက်လာတဲ့ ဖွားရွှေဂုန်၊ အမေ့ရဲ့ဆိုးဖော်ဆိုးဖက် ဘော်ဒါကြီး၊ ရွှေဂုန်သူမြသန်းကြည်။ ဒါကြောင့်မို့လည်း အဆိုတော်ဖြစ်တာပေ့ါ။ သူ့အသံကျယ်ကြီးကိုကြားတာနဲ့ မိဂျစ်တူးရဲ့ငိုသံဟာ ခလုတ်နှိပ်လိုက်သလိုပဲ တိခနဲပြတ်တောက်ပြီး ငြိမ်သွားလိုက်တာမှ ကောင်းတယ်။ ကျွန်တော့်မယ် ဝမ်းလည်းသာရသေး၊ သနားလည်း သနားရသေး။

“ဘာလဲ ..အားအားရှိ ဂျီတိုက်ပြီး ငိုနေတာ။ ဘာမှတ်လဲ...ဟဲ့ ဟိုကောင်လေး မျောက်တူး။ နင်တို့အဖေရော ဘယ်သွားလဲ ထမင်းကော စားပြီးပလား၊ ချက်ကော ချက်ရသေးရဲ့လား”

ဖွားရွှေဂုန်ရဲ့ အသံကျယ်ကြီးဟာ ကျွန်တော်တို့ အိမ်ခန်းလေးကို မောင်ပိုင်စီးလိုက်ပြီး သူပြောချင်တာတွေကို အဆက်မပြတ် ပြောတော့မှာ။

“တစ်ခါတည်း ဘုရားပန်းတွေလည်း ခြောက်သရောင်းနေတာပဲ နင်တို့အမေများ မြင်လို့ကတော့ ဟင်း ..သွားလေသူ မြသူဇာဟာ နှစ်ခါပြန်သေချင်စိတ်ပေါက်သွားမယ် ...နင့်အဖေငမူးရောလို့ဆို ကောင်လေး”

“အဖေ ..ဒိုးဝိုင်းလိုက်သွားတယ် ဖွားရွှေဂုန်ရ။ ညောင်တုန်းကို တစ်ညအိပ်သွားတာ ဒီနေ့ပြန်လာမယ်တဲ့”

“ဩော် ..အလုပ်လုပ်ဖော်တော့ရသေးတာပဲ ..ပိုက်ဆံရောထားခဲ့ရဲ့လား ..ကောင်လေး”

“ထားခဲ့ပါတယ်.. ထမင်းတော့ မစားဘူး.. မုန့်ဟင်းခါး ဝယ်စားတယ်”

“စားရရဲ့သားနဲ့များ ဒီဟာမလေးက ဘာ နားပူနားဆာလုပ်နေရတာတုံး။ ခုနစ်အိမ်ကြား ..ရှစ်အိမ်ကြား”

“ဖွားရွှေဂုန်ကလည်း ကလေးဆိုတော့ မုန့်စားချင်တာပေါ့ဗျ”

“အောင်မယ် ..ဒါလေးများထိရင်နာပြီ.. သူက ဖအေကျနေတာပဲ။ ရော့ ... မုန့်ဖိုးငါးဆယ် ပြီးတော့ကျ သွားဝယ်ကျွေးလိုက်၊ ဟင်း ..ကျွေးလို့သာ ကျွေးရတာ အဲဒီဟာမလေးကိုများ ငါက သိပ်မျက်နှာကြောတည့်တာများ မှတ်မနေနဲ့”

ဖွားရွှေဂုန်အကြောင်းကို ကျွန်တော်ကတော့ သိပြီးသားပါ။ ဒါပေမဲ့ သုံးနှစ်သမီး ဂျစ်တူးလေးကတော့ ဘာသိရှာမှာတုံး။ ဒါကိုပဲ ဖွားရွှေဂုန်တစ်ယောက်ကတော့ ဒီသုံးနှစ်သမီးကိုပဲ (အမေ့ကိုချစ်တဲ့ ခင်တဲ့စိတ်နဲ့ အသက်ကြီးမှ သူ့ကိုမွေးရလို့ အမေဆုံးရတယ်ဆိုပြီး) ရန်ရှာလို့မဆုံး။ ရန်လုပ်လို့ မဆုံး။ တဖျစ်တောက်တောက် ပြောလို့မဆုံး။

နင့်အမေက ပြောစကားမှ နားမထောင်တာ မိသူဇာ ညည်းလင်ငမူးနဲ့ နောက်ကလေးတစ်ယောက်တော့ မရပေ့စေနဲ့နော်၊ မယူနဲ့တော့နော်နဲ့ ငါအတန်တန်ပြောသားပဲ။ တစ်ခါတည်း ဟုတ်ကဲ့ပါ၊ စိတ်ချပါ ဒေါ်လေးကလည်း မျောက်တူးတောင် ဆယ်နှစ်ကျော်နေပြီ။ ကျွန်မ ကလေးမရတော့ပါဘူး။ သေချာပါတယ်နဲ့လေ။ မပြောလိုက်ချင်ဘူး။ ဟဲ့ ...မျောက်တူး၊ နင်အခု အသက်ဘယ်လောက်ပါလိမ့်။

“အဖေပြောတာပဲ ဆယ့်ငါးနှစ်”

“ဟဲ့ ....ဟုတ်ကဲ့လား... ဒီငမူးကလည်း တောင်ပြောမြောက်ပြော”

“ဟုတ်ပါတယ် ဖွားရွှေဂုန်ရဲ့.. အမေဆုံးတုန်းက ကျွန်တော် ဆယ့်နှစ်နှစ်ဥစ္စာ အမေဆုံးတာ သုံးနှစ်ရှိပြီလေ”

ဖွားရွှေဂုန်က “အင်း” ဆိုပြီး ငိုင်တွေတွေကြီးနဲ့။ ကျွန်တော်က မိဂျစ်တူးလေးကိုချီပြီး မုန့်ဆိုင်ကို မြန်မြန်ပြေးချင်လှပြီ။

“ဖွားရွှေဂုန်က မုန့်ဖိုးတွေ ဘာတွေပေးတော့ နတ်ပွဲရှိလို့လား... ဟုတ်လား”

“အေး.. ရှိတယ် ..မနက်ဖြန်.. တော်သေးတာပေါ့ ..ဟိုအဆိုတော် ကောင်မလေးတစ်ယောက်က အသံဝင်နေလို့ ..ငါ့လာခေါ်တာ”

“ကျွန်တော်တို့ မုန့်ဆိုင်သွားတော့မယ်”

“အေး... အေး... ဟဲ့.....ဟဲ့..... ခဏနေဦး နင် ...ဟိုတိုက်ဆောက်တဲ့ဆီမှာ အလုပ်လုပ်နေဆို”

“ဟုတ်တယ်လေ.. အဲဒီအလုပ်က ပြီးသွားပြီ ဖွားရွှေဂုန်ရ၊ ကျွန်တော်က မဆလာပဲ သယ်တတ်တာဥစ္စာ”

“အေး ..ဒါဆို ..အတော်ပဲ ..နင့်ကို အလုပ်ပေးရမယ်”

“ဘာအလုပ်လဲ”

“မနက်ဖြန် ငါနဲ့ နတ်ပွဲလိုက်ခဲ့ ..ဟိုမှာ “ကျား”လုပ်မယ့်သူ လိုနေတယ်”

“ကျား..ဟုတ်လား ..ဟာ ...ကျွန်တော်မှ မလုပ်တတ်တာ”

“ဟဲ့ ...ဘာမလုပ်တတ်ရမှာလဲ၊ နတ်ပွဲမှာ စီးတော်ကျားလုပ်တဲ့လူကို နင်ငယ်ငယ်တုန်းက မမြင်ဖူးဘူးလား”

“မြင်တော့ မြင်ဖူးတာပေါ့”

“အေးလေ ပဝါလေးတစ်ထည် ခေါင်းချည်ပြီး နတ်ကတော်နောက်က လေးဘက်ထောက်လိုက်ရုံပဲ ...ဒါပဲ။ ပြီးတော့ ဘေးမှာထိုင်နေတဲ့ လူ

တွေကို ခေါင်းလေးနဲ့တိုက် ပိုက်ဆံတောင်း”

“ဟာဗျာ… ရှက်စရာကြီး မလုပ်ချင်ပါဘူး”

“ဟဲ့ ..ဘာမလုပ်ချင်ရမှာလဲ၊ ပိုက်ဆံရမယ့်အလုပ်ကို လူလေးကဖြင့် လက်တစ်ဆစ်လောက်နဲ့ ရှက်သလေး ဘာလေးနဲ့.. ခုပွဲက သူဌေးပွဲဟဲ့.. သီးသန့်ပွဲ ..ပိုက်ဆံရမှာ နားလည်လား”

“ကျွန်တော့်ကို ဘယ်လောက်ပေးမှာလဲ”

“တစ်ထောင်ပေးမှာ.. ပြီးတော့ နင် ..ခေါင်းတိုက်ကြေးလေးဘာလေးလည်း ပေးဦးမှာလေ”

“လိုက်မယ်ဗျာ ..ချမယ်”

“ဟဲ့..ကောင်မလေးကို ..နင့်အဖေနဲ့ ထားခဲ့နော် ..မခေါ်ခဲ့နဲ့”

နောက်ဆုံးတော့ ဖွားရွှေဂုန်နဲ့ ကျွန်တော် သဘောတူညီချက် ရသွားခဲ့ပါတယ်။ ဖွားရွှေဂုန်က မနက်ဖြန် မနက်စောစောတဲ့။ ပိုက်ဆံတော့ လိုချင်တယ်။ ဒါပေမဲ့ ကျွန်တော် ကြောက်လည်း ကြောက်တယ်။

*

“×× သာညွန့်×× ငှက်မောင်နှံ×× ပျံ×× ပျံချင်ပြီ××× မှုန်ရီ××× မှုန်ရီမှုန်ဝါး××× လျှပ်ခိုးတိမ်တောင်××× လွမ်းလေအောင်××××”

နတ်ဆိုင်းသံဟာ ကျွန်တော့်ရင်ကို တဒိတ်ဒိတ်ခုန်စေပြီး ငိုလည်းငိုချင်စေပါတယ်။ အမေ့ကို သတိရလို့ပေါ့။ သနပ်ခါးတွေ ဖွေးနေအောင် လိမ်းပြီး နှုတ်ခမ်းနီရဲရဲလေးဆိုးထားတဲ့ အမေ့အသံစူးစူးလေးကို ကျွန်တော်လွမ်းပါတယ်။ ဆိုင်းဝိုင်းကြီးဘေးနားမှာ ပုံ့ပုံ့လေးထိုင်ရင်း

လည်ချောင်းတွေ ထောင်နေအောင် တအားအော်ရရှာတာ။ အမေရေ.. ဒါလောက်ကြီးတဲ့ ၊ ဒါလောက်လှပခမ်းနားတဲ့ တိုက်ကြီးမျိုးကို ကျွန်တော်တစ်ခါမှ မမြင်ဖူးဘူး။ သူတို့ဧည့်ခန်းကြီးက နတ်ကန္နားပွဲ မဏ္ဍပ် တစ်ခုစာလောက်ကို ကျယ်တာအမေရ။ မဏ္ဍပ်မထိုးဘဲ အိမ် အောက်ထပ်မှာတင် နတ်ပွဲလုပ်လို့ရတယ်။ ကျားလုပ်ရမှာကို ကြောက်ရ တဲ့ထဲ နတ်ကတော်အဖွဲ့ထဲက မိန်းမလျာတွေက ကျားလေး ..ကျားလေး ဆိုပြီး လာဖက်နမ်းလို့ ထွက်ပြေးရသေးတယ်။ စိတ်ညစ်ပြီး ပြန်ကိုပြေး ချင်ရော။

“ဟဲ့ မျောက်တူး.. လာဦး”

အရေးထဲ ဖွားရွှေဂုန်က ပျာယာပျာယာနဲ့ လာပြန်ပြီ။ ဘာမပြောညာ မပြောနဲ့.. ခြံထောင့်ဆွဲခေါ် သွားပြန်တယ်။

“နင် ..မျောက်လို ကတတ်လား.. ကောင်လေး”

“ဟာ ...မကတတ်ပါဘူး.. ဖွားရွှေဂုန်နော် ကျွန်တော့်ကို ကျားပဲလုပ် ရမယ်လို့ ပြောပြီးတော့ မျောက်လုပ်ခိုင်းမလို့လား ...ကျွန်တော် မလုပ် ဘူးနော်။”

“ဖွားရွှေဂုန်က ကျွန်တော့်ကို ကြည့်ပြီး သွားကျိုးပါးကျိုး ရယ် တယ်။”

“နာမည်က မျောက်နာမည်မှည့်ထားပြီး မျောက်ကကျ မကတတ် ဘူး.. ဒီမှာကြည့် ငါလုပ်ပြမယ်”

“အဲဗျာ ..ဒုက္ခပဲ။ ဒီဘွားတော်နဲ့တော့.. နှုတ်ခမ်းကြီး ထော်၊ ခါင်း ကွေကုတ်ပြီး လူက ပုကွပုကွနဲ့ မျောက်က ကပြနေသေးတယ်။”

“တွေ့လား.. လွယ်လွယ်လေးကို.. နင်မလုပ်တတ်ဖူးလား”

“ဟာ ..မလုပ်တက်ပါဘူးဆို ..ဖွားရွှေဂုန်နော် ကျွန်တော့်ကို ဇွတ် အလုပ်ခိုင်းရင် ကျွန်တော် ပြန်ပြေးမှာဗျ”

“ကဲပါ ..ကဲပါ... ပြန်တော့မပြေးပါနဲ့ ကျေးဇူးရှင်လေးရယ် ..ကျား လုပ်တာထက် မျောက်က ကတာက ပိုကောင်းတယ်ဟဲ့ နင် နားမလည် ပါဘူး။”

“တော်ပါပြီဗျာ ဘာတွေပြောနေမှန်းလဲ မသိဘူး။ ဒီမှာ အလိုလိုနေ ရင်း ရင်တွေ ဒိတ်ဒိတ် ဒိတ်ဒိတ် ဖြစ်နေပါတယ်ဆိုမှ”

“ဟဲ့ ..ကျား ..ကျား ဘ..ယ်မလဲ”

“ကျားလေးရေ ..ကျားလေး”

ဟော ..ခေါ်ပြီဗျ။ ခေါ်ကုန်ကြပြီ။ တိုက်ကြီးနောက်ဖေးထဲကို ကျွန်တော် ဘယ်လိုပြေးဝင်သွားမိမှန်းလည်းမသိဘူး။ နတ်ဆိုင်းသံတွေ ကြားထဲက လူတွေရှေ့ကို မိန်းမလျာနတ်ကတော်တစ်ယောက်နဲ့တူတူ ဘယ်လိုရောက်သွားမှန်းလည်း မသိလိုက်ပါဘူး။ ကော်ဇောကြီးပေါ်မှာ လေးဘက်ထောက်လေးနဲ့ ဟိုပြေး၊ ဒီပြေးလုပ်လိုက်၊ နတ်ကတော်က စီး တော်ကျားကျောပေါ်ထိုင်ပြီး စကားပြောချင်ရင် ငြိမ်နေလိုက်ရနဲ့။ တချို့ မိန်းမကြီးတွေက ကျွန်တော့်ခေါင်းကိုပွေ့ဖက်ပြီး ဆုတွေအများကြီး တောင်းကြတယ်။ ရေမွှေးတွေနဲ့ ဖျန်းတာကိုတော့ ကျွန်တော်အကြိုက် ဆုံးပဲ။ ကျွန်တော့်တစ်ခေါင်းလုံး မွှေးကြိုင်နေတာပဲ။ ဖွားရွှေဂုန် အသံကျယ်ကျယ် တုန်တုန်ကြီးကိုတောင် မကြားတစ်ချက် ကြားတစ် ချက်နဲ့ ကျွန်တော့်အခန်း ဘယ်လိုပြီးပြီး နောက်ဖေးခန်းထဲ ဘယ်လိုပြန် ရောက်သွားမှန်းလည်း မသိဘူး။ ကျွန်တော့်တစ်ကိုယ်လုံး တုန်ပြီး ချွေး တွေက ရွှဲနစ်နေတယ်။ ခေါင်းပေါင်းပဝါကို ကျွန်တော် ဆွဲချွတ်ပစ်လိုက် တယ်။ ဟာ ....ပိုက်ဆံတွေ ခေါင်းပေါင်းပဝါကြားထဲက ထွက်ကျလာတဲ့

ပိုက်ဆံတွေ အများကြီးပဲ။

"ဟဲ့ ..ဟိုကောင်လေး၊ ပဝါထဲက အရွက်ကြီးမပါရင် သူ့ပေးလိုက်ပါ"

နတ်ကတော်အကြီးဆုံးရဲ့ လှမ်းပြောသံနဲ့အတူ သူ့တပည့်မိန်းမလျာတစ်ယောက်က ပိုက်ဆံတွေဆီ ဖျက်ခနဲလှမ်းကြည့်ပြီး "အရွက်ကြီးမပါဘူး။ ယူလိုက် ...ယူလိုက်" တဲ့။ နှစ်ရာတန်နဲ့ ရာတန်အခေါက်လေးတွေကို ပျာပျာသလဲ ကျွန်တော်စုပြီး ကောက်လိုက်တယ်။ တော်တော်များတယ်။ တော်တော်များတယ်။ တုန်တုန်ယင်ယင်နဲ့ ကျွန်တော် ရေကြည့်မယ်လုပ်ရင်း ဟော.. မျောက်၊ မျောက်ကြီးတဲ့။

နောက်ဖေးခန်းက လူတွေ သဲခနဲလှုပ်သွားကြပြီး ရှေ့ဘက်ခန်းကို ပြေးသွားကြတယ်။ ဘာဖြစ်တာလဲ။ ဟောဗျာ..။ မင်းသမီးသုံးယောက်လို ဆံထုံးတွေ၊ ပန်းတွေ၊ မိတ်ကပ်တွေနဲ့ ပြင်ဆင်ပြီး ထွက်သွားတဲ့ မိန်းမလျာသုံးယောက်က ဖွားရွှေဂုန် လုပ်ပြသလို ကုန်းကွ၊ ကုန်းကွနဲ့ မျောက်က ကလို့။ လူတွေက လက်ခုပ်ဝိုင်းတီးကြလို့ ။ အဲဒီအချိန်မှာ ဆိုဖာကြီးပေါ်ကနေ ရုတ်တရက် ထရပ်လိုက်တဲ့သူက မိဂျစ်တူးတို့အရွယ် ကလေးလေးတစ်ယောက်ပေါ့။ သူက အားရပါးရ လက်ခုပ်လေးတီးပြီး တခစ်ခစ် အော်ရယ်တယ်။ ဂါဝန်လှလှလေး တအိအိလှုပ်သွားအောင်လည်း ခုန်ပေါက်လိုက်တယ်။ ပြီးတော့ သူ့ဘေးနားက ငွေဖလားထဲကနေ ပိုက်ဆံတစ်ထပ်ကို ဆွဲယူလိုက်ပြီး ငါးရာတန်နဲ့ နှစ်ရာတန်တွေကို မျောက်က ကနေတဲ့ မင်းသမီးတွေဆီ လှမ်းပစ်ပေးတော့တာပဲ။ တစ်ရွက်ပြီး တစ်ရွက်။ တစ်ရွက်ပြီးတစ်ရွက်၊ သြော် သူက ဒီအိမ်ရှင်ရဲ့ တစ်ဦးတည်းသော မြေးမလေးတဲ့။ ဖွားရွှေဂုန်ရေ ကျွန်တော် သဘောပေါက်ပါပြီ။ ကျွန်တော့်ကို ဘာလို့ မျောက်က ကစေချင်တယ်ဆို

တာကို ကျွန်တော်သိပြီ။

ငေးကြည့်နေတဲ့ ကျွန်တော်ပခုံးကို တစ်စုံတစ်ယောက်က အသာအယာတို့တယ်။ ပြန်တော့မလို့နဲ့ တူတယ်။ စိန်တွေ၊ ရွှေတွေ အများကြီးနဲ့ အန်တီတစ်ယောက်က သူထိုင်ခဲ့တဲ့နေရာကို မေးငေါ့ပြတယ်။ သူထိုင်တဲ့ဘေးနားမှာ နတ်တွေဝင်တုန်းက စွန့်ခဲ့တဲ့ စားစရာတွေ၊ စားတော်စာတွေ အပုံလိုက်ကြီး ရှိတယ်။ "ယူလိုက်တော့တဲ့"

ကျွန်တော့်ကိုပေးတာ။ တစ်ဟုန်ထိုးပြေးပြီး ကျွန်တော့်ပုဆိုးထဲကို သိမ်းကျုံးထည့်လိုက်တယ်။ မုန့်ထုပ်တွေ၊ ချိုချဉ်တွေ၊ ဘဲဥပြုတ်၊ ပန်းသီး၊ သစ်တော်သီးတွေ၊ ပြီးတော့ ပြီးတော့ ဝေဖာ၊ ဝေဖာထုတ်ရှည်ရှည်လေးတွေ နိုင်ငံခြားဖြစ် ဝေဖာထုပ်ရှည်ရှည်လေးတွေ။ မိဂျစ်တူးလေး ဘယ်လောက်ငိုပြီး ပူဆာပူဆာ ကျွန်တော်အမြဲရှောင်ပြေးခဲ့ရတာလေ...။ ဒီအထုပ်မျိုးလေးတွေကို တစ်ခါမှ မစားခဲ့ဖူးရှာတဲ့ ကျွန်တော့်ရဲ့ နှမလေး။ အဖေအိမ်ပြန်နောက်ကျတဲ့နေ့တွေမှာ ကျွန်တော်တို့မောင်နှမနှစ်ယောက် ရေကိုမုန့်လိုသောက်ပြီး အိပ်ပျော်ခဲ့ကြရတာလေ။

ကျွန်တော် နောက်ဆို ဖွားရွှေဂုန်ကြီးနဲ့ နတ်ပွဲအမြဲတမ်းလိုက်မယ်။ ကျားလည်းလုပ်မယ်...။ မျောက်လည်းလုပ်မယ်...၊ ဘာပဲခိုင်းခိုင်း ကျွန်တော်လုပ်ပေါ့မယ်။ ခိုင်းသမျှ ကျွန်တော်လုပ်ပေါ့မယ်။ ကျွန်တော် လုံးဝ မရှက်တော့ပါဘူး။

ရွှေအမြုတေမဂ္ဂဇင်း၊ ၂၀၀၆ ဇန်နဝါရီ

*